၉။ ကျွန်ုပ်တို့အနေဖြင့် ၂၀၀၇ခုနှစ်မှ စတင်၍ အာဆီယံအတွက် ဥပဒေကြောင်းအရနှင့် ဖွဲ့စည်းမှုဆိုင်ရာမူဘောင်များကို ဖန်တီးပေးသည့် အာဆီယံပဋိညာဉ်စာတမ်း အကောင်အထည်ဖော်မှုအပေါ် အားရကျေနပ်သည်။ ယင်းနှင့်စပ်လျဉ်း၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အတည်ပြုရန် ကျန်ရှိနေသည့် ဥပဒေစာချုပ်များကို အချိန်မီ အတည်ပြုကြရန်တိုက်တွန်းသည်။

၁၀။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ ကမ္ဘာ့မိတ်ဖက်နိုင်ငံများအကြား ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးကို ဖော်ဆောင်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအခြေပြု မြေပုံအကောင်အထည်ဖော်မှု၏ တိုးတက်မှုကို ကျွန်ုပ်တို့ အသိအမှတ် ပြုကြသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အခြေပြုမြေပုံအကောင်အထည်ဖော်ရန် အဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ်ကြိုးပမ်းမှုများကို ချီးကျူးပြီး ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း အခြေပြုမြေပုံ အကောင်အထည်ဖော်မှုသည် ဒေသတွင်းတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှု၊ ကြိုတင်ခန့်မှန်း တွက်ချက်နိုင်သော စီးပွားရေးပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေမည့် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေး၊ လုံခြုံရေးကို လမ်းဖွင့်ပေးလိမ့်မည်ဟု ကျွန်ုပ်တို့၏ ယုံကြည်မှုကို ထပ်လောင်းအတည်ပြုသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း လမ်းပြမြေပုံအကောင်အထည်ဖော်မှုအတွက် လုပ်ဆောင်ရန်ရှိသည့် ကျန်ရှိသည့်လုပ်ငန်းများကို ဦးဆောင်ရန် တာဝန်ယူသည့် အာဆီယံ အဖွဲ့ဝင်များကိုကြိုဆိုသည်။

၁၁။ ၂၀၁၄ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ပြုလုပ် မည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုရန်ရှိသည့် တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်း တစ်ရပ်ထူထောင်မည့် သဘောတရားစာတမ်းမူကြမ်း ကိုကြိုဆိုသည်။ အဆိုပါ ဆက်သွယ်ရေး လမ်းကြောင်းသည် ရေကြောင်းလုံခြုံရေး နှင့် ဆက်နွယ်သည့်

အရေးပေါ် အခြေအနေကဲ့သို့ ပဋိပက္ခနှင့် အရေးပေါ်အခြေအနေများတွင် ကာကွယ်ရေးဝန်ကြီးများက နှစ်ဘက်သဘောတူသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် တည်မြဲ၊ မြန်ဆန်မှုတို့အပြင် ယုံကြည်ရပြီးလုံခြုံသည့် အဆက်အသွယ်များ ပြုလုပ်နိုင်ရမည်ဖြစ်သည်။

၁၂။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် သံရုံးဖွင့်လှစ်နိုင်ထားခြင်းမရှိသည့် တတိယနိုင်ငံများတွင် ရောက်ရှိနေသည့် ၎င်းတို့ နိုင်ငံသားများကို ကောင်စစ်ဆိုင်ရာအကူ အညီပေးရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးအဆိုပြုမှု တိုးတက်မှုများကို မှတ်တမ်းတင်ကြသည်။ အဆိုပါအစီအစဉ်သည် အခြားသော တတိယနိုင်ငံများရှိ အာဆီယံသံရုံးများတွင် မိမိတို့ နိုင်ငံတော်အလံနှင့် အာဆီယံအလံတို့ကိုယှဉ်တွဲလွှင့် ထူထားခြင်းကိုပိုမို၍ အဓိပ္ပါယ်ရှိစေမည်ဖြစ်သည်။ သို့ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအားအခြားသောတတိယနိုင်ငံတစ်ခုတွင် ရောက်ရှိ နေစဉ်အတွင်းမိမိနိုင်ငံသံရုံးမရှိသော်လည်း သံရုံးဖွင့်လှစ် ထားရှိသည့် အာဆီယံသံရုံးတစ်ခုခုမှ ကောင်စစ်ရေးရာ အကူအညီများပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာတို့ကို တာဝန်ပေးအပ်ထားရန်ဖြစ် သည်။

၁၃။ အာဆီယံဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာတူညီမျှ စီးပွားရေးတိုးတက်မှုများကို ဖော်ဆောင်ခြင်းသည် အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ဖနောင်ပင်ကြေညာချက်တို့နှင့် အညီဖြစ်ပြီး ကျွန်ုပ်တို့၏ ပြည်သူများကို လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့ကို ရရှိခံစားနိုင်မည်ဆိုသည့် ကျွန်ုပ်တို့၏ ခိုင်မာသောယုံကြည်ချက်ကို ထပ်လောင်းအတည်ပြုသည်။ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ လက်ရှိဆောင်ရွက်မှုများကို အသိအမှတ်ပြုချီးကျူးသည်။ အာဆီယံတွင် လူ့အခွင့်အရေးကာကွယ်ပေးရေးနှင့် မြှင့်တင်ဆောင်ရွက်ရန် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏လုပ်ငန်းတာဝန် သတ်မှတ်ချက်ကိုပြန်လည် သုံးသပ်ရေးကို မျှော်လင့်ပါသည်။ အဆိုပါသုံးသပ်ချက်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ဆက်လက်ဆောင်ရွက်ရန်ရှိသည်။

၁၄။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းကောင်စီ (အေပီအက်စ်စီ)၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(အေအမ်အမ်)၊ အာဆီယံ နယ်စပ်ဖြတ် ကျော်မှုခင်းဝန်ကြီးများ အစည်းအဝေး(အေအမ်အမ်တီစီ)၊ အာဆီယံဥပဒေရေးရာ ဝန်ကြီးများ အစည်းအဝေး(အေအယ်လ်အေဒဗလျူအမ်အမ်)၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင်အစည်းအဝေး(အိုက်ချာ) နှင့် အာဆီယံ ပင်လယ် ရေကြောင်း ဖိုရမ်(အေအမ်အက်ဖ်)အစရှိသည့် အမျိုးမျိုးသော ယန္တယားများ မှတစ်ဆင့် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကိုထိန်းသိမ်းရန် အရေးပါသည့် အထောက် အကူပြုမှုကိုမှတ်တမ်းတင်ကြသည်။

၁၅။ ဆိုက်ဘာမှုခင်း၊ အာကာသလုံခြုံရေး၊ အကြမ်းဖက်မှု၊ ပင်လယ်ဓါးပြမှုများနှင့် သင်္ဘောများပင်လယ်ပြင်တွင်းလက်နက်ကိုင်ဓါးပြတိုက်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်း၊ မူးယစ်ဆေးဝါး နှင့် လူကုန်ကူးမှုများ၊ တရားမဝင်လက်နက်ကုန်ကူးမှုများ၊ ကူးစက်ရောဂါများ၊ ရာသီဥတုပြောင်းလဲ မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ် နှင့် တရားမဝင် ငါးဖမ်းမှုအပါအဝင် သမရိုးကျမဟုတ်မဟုတ်သည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကို ထိရောက်စွာကိုင်တွယ် ဖြေရှင်းနိုင်ရန် အခြားသောဒေသတွင်းလုံခြုံရေးယန္တရားများနှင့် အာဆီယံ၏ ယန္တယားများကို ပိုမိုခိုင်မာစေရေး၏ အရေးပါမှုကို ကျွန်ုပ်တို့ အလေးထားသည်။ နယ်စပ် ဖြတ်ကျော်ကိစ္စ ရပ်များကိုကိုင်တွယ်ဖြေရှင်းရေး အတွက် ကြံ့ခိုင်မှုကို မြှင့်တင် ရန်နှင့် စွမ်းဆောင်ရည်တိုးမြှင့်ရန် ဌာနတွင်း အဖွဲ့ အစည်းများ၊ ကဏ္ဍအလိုက်ပတ်သက်နေသည့် ဌာနများ အချင်းချင်းသာမက ပြင်ပ မိတ်ဖက်နိုင်ငံများနှင့် ပါပေါင်းစည်းညှိနှိုင်းမှုများတိုးမြှင့်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးများ ကို တာဝန်ပေးအပ်သည်။

၁၆။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် စစ်ဘက်ဆိုင်ရာ အချင်းအချင်း ပူးပေါင်း ဆောင်ရွက်မှု၏ အရေးပါမှုကို ကျွန်ုပ်တို့အလေးထားကြသည်။ နိုင်ငံများ အကြား စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများအကြား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အာဆီယံ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံကာကွယ်ရေး ဝန်ကြီးများအပေါင်း အစည်း

အဝေး၏ လုပ်ဆောင်ချက်များအား ကျွန်ုပ်တို့ထောက်ခံကြသည်။ အာဆီယံကာကွယ်ရေး ဝန်ကြီးများအပေါင်း အစည်းအဝေး၊ ကျွမ်းကျင်ပညာရှင်များလုပ်ငန်းအဖွဲ့ မှ ဦးဆောင်မှုဖြင့် လက်တွေ့ကျတဲ့ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုများအားမျှော်လင့်ကြသည်။

၁၇။ ဒေသတွင်း လူကုန်ကူးမှု တိုက်ဖျက်ရန် အရေးကြီးလိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအဖွဲ့အစည်းအဝေးများမှ တိုးတက်မှုများအား ကြိုဆိုရင်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း (အေပီတီ) နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာလုပ်ငန်းစီမံချက် (အာပီအေ) လုပ်ငန်းစဥ်များ၏ ကတိကဝတ်ပြုမှုများကို ကျွန်ုပ်တို့ အတည်ပြုသည်။

၁၈။ ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့တွင် ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် ဆောင်ရွက်မည့် (၅) ကြိမ်မြောက် အာဆီယံ ပင်လယ်ရေကြောင်းဆိုင်ရာ ဖိုရမ် နှင့် တတိအကြိမ်မြောက် ကျယ်ပြန့်သည့် ပင်လယ်ရေကြောင်း ဆိုင်ရာဖိုရမ်များအား ကျင်းပမှုပေါ် ကမ်းလှမ်းလာမှုနှင့်စပ်လျဥ်း၍ ကြိုဆိုသည်။ ယင်းဖိုရမ်များတွင် ဒေသတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း နှင့် အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်ရေးတို့နှင့်စပ်လျဥ်း၍ ဆွေးနွေးမှုများနှင့် အမြင်ချင်းဖလှယ်နိုင်မှု တို့အား ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်သည်။

၁၉။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် ကျင်းပရန် စီစဥ်ထားသည့် အာဆီယံအပေါင်းသုံး“ကောင်းမွန်သည့်အုပ်ချုပ်မှု” ဖိုရမ် ကျင်းပမည့် ကိစ္စရပ်ကိုလည်း ကြိုဆိုကြသည်။ ယင်းဖိုရမ်မှ ပြည်သူ့အုပ်ချုပ်မှုစွမ်းရည်တိုးတက်မြင့်မားမှု၊ အာဆီယံအသိုက်အဝန်းကြားစွမ်းရည်တိုးတက်မြင့်မားမှုနှင့် ဒေသတွင်းတရားစီရင်ရေး နှင့် ဥပဒေပြုရေးများ၏ သီးခြားလွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာရှိမှု စသည်တို့ကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

၂၀။ အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန၏လုပ်ငန်းများ အပြည့်အဝ အကောင်အထည်ဖော်ရေး ကြိုးပမ်းမှုကို ကျွန်ုပ်တို့ ကြိုဆိုကြသည်။ ငြိမ်းချမ်း ရေး၊ ပဋိပက္ခစီမံ ကိုင်တွယ်မှုနှင့် ပဋိပက္ခဖြေရှင်းမှုဆိုင်ရာ သုတေသနပြုမှုနှင့် ဝေဖန်သုံးသပ်မှုတို့ ပြုလုပ်ခြင်း အားဖြင့် အာဆီယံနှင့် ဒေသတွင်းနှင့် ကမ္ဘာ့ဆွေးနွေးဘက်နိုင်ငံကို ဗဟိုဌာန၏ စွမ်းဆောင်ရည်ကို ပြသရန်တိုက်တွန်းသည်။ မနီလာမြို့နှင့် ဘာလီကျွန်းများတွင် ကျင်းပ ပြုလုပ်ခဲ့သည့် ဗဟိုဌာန၏ အစည်းအဝေးများကိုကြိုဆိုသည်။ ဗဟိုဌာန၏လုပ်ထုံး လုပ်နည်းလမ်းညွှန်ချက်နှင့် အညီ တက်ကြွစွာ လုပ်ဆောင်နိုင်မည့် နယ်ပယ်များ သတ်မှတ်ခြင်းဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အခြေပြုမြေပုံ အကောင်အထည်ဖော်ရေးကို လေးနက်စေမည် ဖြစ်သည်။ ဗဟိုဌာနအနေဖြင့် အာဆီယံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန၊ အာဆီယံလေ့လာရေးဌာန နှင့် အာရှ-ပစိဖိတ်ဒေသတွင်း လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကောင်စီတို့ အပါအဝင် ဒေသတွင်းအတွေးအခေါ်ပညာရှင်များအဖွဲ့နှင့် နီးကပ်စွာ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် ကျွန်ုပ်တို့ တိုက်တွန်းကြသည်။

၂၁။ အာဆီယံဒေသ မိုင်းရှင်းလင်းရေး ဗဟိုဌာနကို မိုင်းကြွင်း မိုင်းကျန်များ ကိစ္စ ဖြေရှင်းရေးဗဟိုဌာနအဖြစ်ထူထောင်ခြင်းကိုကျွန်ုပ်တို့ကြိုဆိုကြသည်။ အာဆီယံနိုင်ငံများ အတွင်း မိုင်းရှင်းလင်းရေး ကိစ္စ ကို စိတ်ဝင်စားသည့် နိုင်ငံများ ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး အတွက် စိတ်ဝင်စားသည့် အာဆီယံ နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်း နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်း များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ယင်းဗဟိုဌာနကဦးဆောင် တာဝန်ယူရန် တိုက်တွန်းသည်။

၂၂။ အာဆီယံအသိုက်အဝန်းထူထောင်မှုဖြစ်စဥ်တွင် အာဆီယံပါလီမန်များညီလာခံ (အိုင်ပါ) ၏ အရေးပါသော အခန်းကဏ္ဍကို ကျွန်ုပ်တို့ အသိအမှတ်ပြုသည်။ အိုင်ပါ ကိုယ်စားလှယ်များ နှင့် မျက်နှာစုံညီ အစည်းအဝေး ကျင်းပနိုင်မှုကို ကြိုဆိုပြီး အစည်းအဝေး အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးများက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့တွင်

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ(၁၄) ရက်နေ့မှ (၂၀) ရက်နေ့အထိ ကျင်းပမည့် (၃၅) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံမှ ၂၀၁၅ ခုနှစ် တွင် အာဆီယံအသိုက်အဝန်းထူထောင်မှု နှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ဖြစ်ပေါ်တိုးတက်မှုအတွက် အထောက် အကူပြုမည့် အကျိုးရှိမည့် ရလဒ်များ ပေါ်ထွန်းလိမ့်မည်ဟု ယုံကြည်ကြသည်။

၂၃။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ရန် ကြိုးပမ်းမှုတွင် လူမှုအဖွဲ့အစည်းများ၊ လူငယ်များအပါအဝင် အာဆီယံနှင့် သက်ဆိုင်နေသူများ နှင့် ထိတွေ့မှု၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုကြသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ ပြည်သူများအတွက် အကျိုးစီးပွားကို ဆောင်ကြဉ်းပေးမည့် ပြည်သူများကိုဗဟိုပြုသည့် အသိုက် အဝန်းသို့ ဦးတည်ရေးအတွက် သက်ဆိုင်သူများ၏ အပြုသဘောဆောင်သည့် ဆက်လက်ပါဝင်ထိတွေ့မှုကို ဆက်လက်ပါဝင်ထိတွေ့မှုကို အားပေး အသိအမှတ်ပြုကြသည်။

၂၄။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံပြည်သူများနှင့် အနာဂတ်မျိုးဆက်များ အတွက် ခိုင်မာသည့် တိုးတက်မှုများနှင့် ရေရှည် အကျိုးကို ဖော်ဆောင်ပေးမည့် အာဆီယံ အသိုက်အဝန်း ပေါ်ထွက်ရန် ကြိုးပမ်းဆောင်ရွက်မှုအားလုံးကို သဘောတူညီကြသည်။ ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှု၊ မျှတသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးတိုးတက်မှု၊ ရရှိပြီးသည့် အေးချမ်းသာယာသော ဒေသတစ်ခု ဖြစ်ပေါ်လာရေးဟူသည့် ကျွန်ုပ်တို့ အာဆီယံ ပြည်သူတို့၏ မျှော်မှန်းချက်များ ပြည့်ဝစေရန် ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် ခိုင်မာသည့်အခြေခံအဖြစ် အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးတိုးမြှင့် လျက်ရာ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းနှင့် အာဆီယံနိုင်ငံများအကြားဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းစေရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြိုင်ဆိုင်မှုနှင့် ခိုင်မာသည့် စွမ်းရည်တို့ဖြင့် ရေရှည်ခံ ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးကြီးမှုနှင့် အာဆီယံလုပ်ငန်းများအားလုံး၏ အချက်အခြာကျမှုတို့၏ အရေးပါမှုကို မီးမောင်းထိုးပြလိုသည်။

## ကြံ့ခိုင်ပြီး စွမ်းရည်ပြည့်ဝသော အာဆီယံ အသိုက်အဝန်း ဆီသို့

၂၅။ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများရှိနေသော်လည်း အာဆီယံ စီးပွားရေးလုပ်ဆောင်မှုများမှာ ခိုင်မာနေကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုကြသည်။ ဤကိစ္စ နှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ထူထောင် အောင်မြင်မှုရရှိရေး အပေါ် ဆက်လက် သတိထားရှိရမည်ကို ကျွန်ုပ်တို့သဘောတူညီကြသည်။ ယမန်နှစ်က သတ်မှတ်ထားသည့်မြင့်မားသော ထိရောက်မှုရှိသည့် နည်းလမ်းများအား အချိန်မီ အကောင် အထည်ဖော်ရေးကို အာမခံချက်ရှိရေး အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ရန် ကျွန်ုပ်တို့ သဘောတူညီကြသည်။

၂၆။ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို နားလည်မှုနှင့် သတိပြုမှုတို့ကို ပိုမိုမြှင့်တင်မည့် ကျယ်ပြန့်သည့် အစီအစဉ်များ၏ အရေးကြီးမှုကို အသိအမှတ်ပြုလျက် “ ဒေသတွင်း တွေးခေါ်မှုသည် ကမ္ဘာ့အကျိုးစီးပွားဆီသို့- အနာဂတ်အတွက် လက်ဆင့်ကမ်းမည့် ၂၀၁၅ ခုနှစ် အာဆီယံ စီးပွားရေး အသိုက်အဝန်းဆိုင်ရာ” စာအုပ်စတင်ထုတ်ဝေမှု နှင့် အာဆီယံ ဆက်သွယ်ရေးမဟာစီမံချက် ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်ုပ်တို့မျှော်လင့်ကြသည်။

၂၇။ အကောက်ခွန်နှုန်း လျှော့ချ/ပယ်ဖျက်ရေး၊ အကောက်ခွန်နှုန်း မဟုတ်သည့် ကုန်သွယ်မှုအစီအမံများ အပါအဝင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများအား မှတ်သားကြသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှု လျင်မြန်စေရန် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုကြသည်။ အာဆီယံ အကောက်ခွန်ဖြတ်သန်း ကုန်သွယ်မှုစနစ်အချိန်မီ အကောင်အထည်ပေါ်လာရေးကိုလည်း ကြိုဆိုကြသည်။ အာဆီယံ ပြတင်းတစ်ပေါက်စနစ် ထူထောင်မှုဆိုင်ရာ တိုးတက်မှုအား ကြိုဆိုလျက် ဒေသတွင်း ကုန်ပစ္စည်းများ လွတ်လပ်စွာစီးဆင်းနိုင်မှုအတွက် ကျွန်ုပ်တို့၏ ကတိကဝတ် ပြန်လည် အတည်ပြု ပြောကြားလိုသည်။ အဆိုပါကိစ္စအား အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားပြတင်းတစ်ပေါက်စနစ် ဖွံ့ဖြိုး

တိုးတက်မှုကို ဦးစားပေးဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အာဆီယံ ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှု ဥပဒေရေးရာ မူဘောင် ဆိုင်ရာအခြေပြုစာချုပ် ညှိနှိုင်းမှုအပြီးသတ်နိုင်ရေးကို မျှော်လင့်ကြသည်။

၂၈။ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီအစဉ် များကို ပိုမိုကောင်းမွန်စေခြင်းဖြင့် ဆက်လက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များ အား အသိအမှတ်ပြုလျက် အာဆီယံအား တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှု ဒေသအဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း မိမိတို့အနေဖြင့် သတိပြုမိကြသည်။ ကျွန်ုပ်တို့သည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု သတင်းအချက် အလက်များ အတွက်အဓိက ပေါင်းကူးသဖွယ်ဆောင်ရွက်နိုင်ရန် အာဆီယံရင်းနှီးမြှုပ်နှံမှု သတင်းအချက် များကို ဖော်ပြမည့် ဝက်ဆိုဒ် စတင်လွှင့်တင်ခြင်းကိုလည်း ကြိုဆိုခဲ့ကြသည်။

၂၉။ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာဖြေလျှော့မှု၏ တိုးတက်မှုများအား အားရ ကျေနပ်ကြသည်။ အာဆီယံ ဝန်ဆောင်မှုမူဘောင်သဘောတူစာချုပ်နှင့် ဆက်စပ်ဦးဆောင် ဦးရွက်ပြုလုပ်ငန်းများတိုးတက်မြှင့်တင်နိုင်သည့် အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူ စာချုပ် စေ့စပ်ညှိနှိုင်းမှု စတင်ဆောင်ရွက်နိုင်ရန်ကိုလည်း မျှော်လင့်ကြသည်။ ၂၀၁၅ ခုနှစ် အလွန် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေး ဆိုင်ရာအခြေခံမူဝါဒ ချမှတ်ပေးမည့် အာဆီယံ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်ကုန်တွင် အပြီးသတ် ရေးဆွဲနိုင်ရေး ကိုလည်းကျွန်ုပ်တို့မျှော်လင့်ကြသည်။

၃၀။ စုပေါင်းရင်းနှီးမြှုပ်နှံမှု အစီအစဉ်နယ်စပ်ဖြတ်ကျော် ကမ်းလှမ်းမှုနှင့်ပတ်သက် သည့် မူဘောင် တည်ထောင်နိုင်ရန် အာဆီယံ စုပေါင်း ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (စီအိုင်အက်စ်) ထူ ထောင်နိုင်ရေး အတွက် မလေးရှား၊ စင်ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ လက်မှတ်ရေးထိုးထားသည့် နည်းလည်မှုစာလွှာ လက်မှတ်ရေးထိုးမှုနှင့်အတူ အာဆီယံ အရင်းအနှီးဈေးကွက် ဖိုရမ်အောက် တွင် တိုးတက်မှုများအား မှတ်သား မိကြသည်။ အာဆီယံဝန်ဆောင်မှု သဘောတူစာချုပ် အောက်ရှိ ဘဏ္ဍာရေး ဝန်ဆောင်မှုဆိုင်ရာ ဆဋ္ဌမအသုတ် ကတိကဝတ်ပြုမှု အကောင်အထည် ဖော်ရေး အခြေပြုစာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

၃၁။ ကျွန်ုပ်တို့သည် အာဆီယံဒေသတွင်းဘဏ်ငွေစာရင်းမရှိသူပြည်သူများအတွက် အသေးစား ချေးငွေလုပ်ငန်းနှင့် ရွေ့လျားဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေးနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာ ကွန်ဖရင့် ကို ၂၀၁၄ခုနှစ်အတွင် မြန်မာနိုင်ငံတွင် ကျင်းပ ပြုလုပ်နိုင်ရန် မျှော်လင့်သည်။ ယင်း ကွန်ဖရင့်သည် အာဆီယံပြည်သူများ၏ ဘဏ္ဍာရေး ဆိုင်ရာ အခွင့်အလမ်းကို မြင့်မားစေခြင်းဖြင့် အာဆီယံဒေသတွင်း ဘဏ္ဍာရေးကဏ္ဍကို လေးနက်စွာအကျိုးပြု စေမည်ဟု ယုံကြည်ကြသည်။

၃၂။ ကျွန်ုပ်တို့သည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စားစီးပွားရေး အခန်းကဏ္ဍ၏ အရေးပါမှုကို အသိအမှတ်ပြုလျက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ် အကောင်အထည် ဖော်ရေး၊ အာဆီယံအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဝန်ဆောင်မှုဗဟိုဌာန ထူထောင်ရေးရန် နှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုနှုန်းထား စံပြပုံစံ ကို ၂၀၁၄နှစ်ကုန်တွင် သတ်မှတ်နိုင်ရေး အကောင်အထည် ဖော်ဆောင်ရွက်ချက် များနှင့် စပ်လျဉ်းသည့် လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့ ကြိုဆိုသည်။ ကျွန်ုပ်တို့သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့၏အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းရှင်များ၏ ဒေသတွင်း တက်ကြွစွာပါဝင်ဆောင်ရွက်မှု အပါအဝင် ဒေသတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော မူဝါဒနယ်ပယ်ဝန်းကျင်များကို အားပေးထောက်ခံခဲ့ကြသည်။

၃၃။ စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ၏ပူးပေါင်း ဆောင်ရွက်မှုများသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း အကောင်အထည်ပေါ်ပေါက်ရေး အတွက် အထောက်အကူပြုခြင်းကို ကျွန်ုပ်တို့မှ ကျေနပ်အားရကြောင်း မှတ်သားထားရှိသည်။ ကွာလာလမ်ပူမြို့ တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၅)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၊ (၁၃) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ +၃

ဝန်ကြီး အဆင့်အစည်းအဝေး နှင့် (၃) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ-အိန္ဒိယဝန်ကြီးအဆင့် အစည်း အဝေး တို့၏ အောင်မြင်မှု သည့် ရလဒ်ကို ကျွန်ုပ်တို့ ကြိုဆိုသည်။ (၃၆)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီး အဆင့်အစည်းအဝေးကို ၂၀၁၄ခုနှစ် စက်တင်ဘာလ (၂၀) ရက်နေ့မှ (၂၆)ရက်နေ့အထိ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

၃၄။ နိုင်ငံတကာဈေးကွက်များတွင် အာဆီယံ စိုက်ပျိုးရေးထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်သည့် အနေအထားကို အားပေးထောက်ခံလျက် အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်များကျင့်သုံးရေး နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလေးပေးရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ သဘောတူညီကြသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဘက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ တို့အကြား ပူးပေါင်း ဆောင်ရွက်မှု နှင့် နည်းပညာလွှဲပြောင်းမှု မြှင့်တင်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်များကို ကျွန်ုပ်တို့ ထပ်လောင်း အတည်ပြုသည်။

၃၅။ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံမှု၏ အရေးပါမှုကို ကျွန်ုပ်တို့ ထပ်လောင်း အတည်ပြုသည်။ ကျွန်ုပ်တို့ပြည်သူများ၏ စားနပ်ရိက္ခာ လိုအပ်ချက်အတွက် လုံခြုံစိတ်ချ ရမှုရှိပြီး အဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ လုံလောက်သော အထောက်အပံ့ရရှိရန်အတွက် အာမခံချက်ရှိစေရန် တိုးမြှင့်အလေးထားမှုနှင့်အတူ အာဆီယံ ပေါင်းစည်းသော စားနပ် ရိက္ခာ လုံခြုံမှု မူဘောင်နှင့် ၄င်း၏ မဟာဗျူဟာကျသည့်လုပ်ငန်း စီမံချက် ဒုတိယအဆင့် ဖွံ့ဖြိုး တိုးတက်မှုကို ကျွန်ုပ်တို့ထောက်ခံသည်။ စားနပ်ရိက္ခာလုံခြုံမှုအား ခြိမ်းခြောက်မှုများ ပေါ်ထွက် လျက်ရှိမှုကြောင့် အာဆီယံတွင် စဉ်ဆက်မပြတ်စားနပ်ရိက္ခာလုံခြုံမှုနှင့် အဟာရ ပြည့်ဝစေမှုကို အာမခံချက် ရှိစေရန် တူညီ ၍ တစ်ခုတည်း သော ရပ်တည်ချက် ရရှိရေး မြှင့်တင်ဆောင်ရွက်ရန် ကျွန်ုပ်တို့သဘောတူညီသည်။

၃၆။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို တုန့်ပြန်ရန် အာဆီယံ၏ ပူးတွဲ ကြိုးပမ်းအားထုတ်မှုများ၏အရေးပါမှုကို ကျွန်ုပ်တို့ ထပ်လောင်းအတည်ပြုသည်။ ယင်းကိစ္စနှင့်

စပ်လျဉ်း၍ ဒေသဆိုင်ရာ စားနပ်ရိက္ခာလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးကို ထိန်းသိမ်းရန်အတွက် အထောက်အကူပြုမည့် ရာသီဥတုဆိုင်ရာ ခံနိုင်စွမ်းရှိသည့် စိုက်ပျိုးရေးကို အသုံးပြုရန် ကျွန်ုပ်တို့ သဘောတူညီသည်။

၃၇။ ကျွန်ုပ်တို့အနေဖြင့် ဘရူနိုင်းရွှေ့လုပ်ငန်းစဉ် နှင့် အာဆီယံ ပို့ဆောင်ရေး မဟာဗျူဟာအစီအစဉ် (၂၀၁၁-၂၀၁၅) အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုး တက်နေမှုများအား အထူးအားရကျေနပ်ပါသည်။ အထူးသဖြင့် ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီ ချက်အောက်ရှိ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှု ကဏ္ဍဆိုင်ရာ အဌမအသုတ်ကတိကဝတ်ပြုမှု အပြီးသတ်ညှိနှိုင်းပြီးစီးခြင်း ဆောင်ရွက်ချက်များကို ကျေနပ်အားရမှုရှိပြီး နဝမအသုတ် ကတိကဝတ်ပြုမှုကို ယခုနှစ် ဩဂုတ်လအမီ ညှိနှိုင်းပြီးစီးရေးဆောင်ရွက်ရန် တိုက်တွန်းကြသည်။ တစ်ခုတည်းသော အာဆီယံသဘော်ာဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ လေ့လာမှု မဟာဗျူဟာ စတင်အကောင် အထည်ဖော်ခြင်း၊ အာဆီယံ-တရုတ် လေကြောင်းပို့ဆောင်ရေး သဘောတူညီမှု ငါးကြိမ်မြောက် လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုင်ရာ ပရိုတိုကော(၂) နှင့် အာဆီယံ-ဂျပန် ပို့ဆောင်ရေး စာရင်းအင်းစာအုပ် ဖြန့်ဝေခြင်းတို့ကို ကျွန်ုပ်တို့ အနေဖြင့် အသိအမှတ် ပြုကြသည်။ ကျွန်ုပ်တို့သည် ဘရူနိုင်းရွှေ့လုပ်ငန်းစဉ်၊ အာဆီယံပို့ဆောင်ရေး မဟာဗျူဟာ အစီအစဉ်တို့၏ဆက်တိုက် အကောင်အထည်ဖော်နေမှု အစီအစဉ် နှင့် အာဆီယံ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် (၂၀၁၅) ခုနှစ်အလွန် တိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့ ထူထောင်မှုကို ကြိုဆိုကြသည်။

၃၈။ ဒေသတွင်း ပေါင်းစပ်ညှိဆက်သွယ်ရေးမြှင့်တင်ရန် နှင့် ယှဉ်ပြိုင်မှုများ ပိုမိုခိုင်မာစေရန်အတွက် ထိရောက်မှုရှိသော၊ လုံခြုံသော၊ ရေရှည်တည်တံ့သော ပို့ဆောင်ရေးကွန်ယက် နှင့် အာဆီယံအမြန်လမ်းမများ၊ စင်ကာပူ-ကူမင်း မီးရထားလမ်း၊ တစ်ခုတည်းသောအာဆီယံ လေယာဉ်ဈေးကွက်နှင့် တစ်ခုတည်းသော အာဆီယံ သဘော်ာဈေးကွက် ဦးဆောင်ဦးရွက်ပြုမှုများ ပြီးမြောက်အောင်မြင်ရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့အနေဖြင့်ကတိ ကဝတ်ပြုကြသည်။

၃၉။ ကျွန်ုပ်တို့သည် အာဆီယံ ခရီးသွားလုပ်ငန်းမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) အကောင်အထည်ဖော်ခြင်း နှင့် ခရီးသွား လုပ်ငန်းရေရှည်တည်တံ့ရေးအတွက် ဆက်လက်ကြိုးပမ်းနေမှုများအား ကြိုဆိုကြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် (၂၀၁၅) ခုနှစ်၌ ခရီးသွား လာရေးလုပ်ငန်း ဆိုင်ရာ အသက်မွေးဝမ်းကျောင်းသူများအတွက် အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဥ်အကောင်အထည်ဖော်ရေး အဆင်ပြေ ချောမွေ့စေရန် ဒေသဆိုင်ရာအတွင်းရေးမှူးရုံး ထူထောင်နိုင်ရေးကို ကြိုဆိုပါသည်။ အာဆီယံခရီးသွားလာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၁-၂၀၁၅) ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ၂၀၁၅ အလွန်အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့များအား လုပ်ငန်းစတင်ရန် ကျွန်ုပ်တို့ ထောက်ခံပါသည်။

၄၀။ အာဆီယံ သတင်းအချက်အလက်နှင့်နည်းပညာ မဟာဗျူဟာစီမံကိန်း(၂၀၁၅)အား အကောင်အထည်ဖော်တိုးတက်နေမှုများကို ချီးကျူးကြပြီး အချိန်မီ ပြီးစီးရေးအတွက် မိမိတို့၏ ဆောင်ရွက်ချက်များအား ပိုမိုမြှင့်တင်ရန် သဘောတူကြသည်။ သတင်းအချက် အလက်နှင့် နည်းပညာအတည်ပြုနိုင်ရေးအတွက် ဒေသတွင်း ဒစ်ဂျစ်တယ်ပေါင်းစည်းပါဝင်မှု မြှင့်တင်ရေး အထူးအားဖြင့် ကျေးလက်ဒေသများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဥ်တွင် အာဆီယံပြည်သူများ အား အခွင့်အရေးတန်းတူရရှိ ပြီး အမျိုးသားထပ်ဆင့်ထုတ်လွှင့်နိုင်မှု ကွန်ယက်များ၊ အလုံးစုံပါဝင်သောဝန်ဆောင်မှုတာဝန်များ Universal Service Obligations (USOs)များ၊ ပညာရေးကဲ့သို့ သက်ဆိုင်ရာကဏ္ဍများ ပူးပေါင်းပါဝင်နိုင်ရေးနှင့် အာဆီယံပြည်သူများမှ တန်းတူအခွင့်အရေးရရှိနိုင်ရေးအတွက် ထောက်ခံသည်။

၄၁။ ကျွန်ုပ်တို့အနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများနှင့် အာဆီယံ (၆)နိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဥ်းမြောင်းရေးနှင့် ဒေသတွင်းသာတူညီမျှ စီးပွားရေး ဖွံ့ဖြိုး တိုးတက် မှုရရှိစေရန် အခြေခံအုတ်မြစ်ဖြစ်သည့် အာဆီယံ

ပေါင်းစည်းရေးကနဦး အစီအစဉ်၏ အရေးပါမှုကို အသိအမှတ်ပြုကြသည်။ ထို့ကြောင့် အာဆီယံ ပေါင်းစည်းရေးကနဦးအစီအစဉ်၏ လုပ်ငန်းစီမံချက် (၂)(၂၀၀၉-၂၀၁၅) အကောင်အထည် ဖော်ရေးအတွက် ထောက်ခံကြပြီးနှင့် နှစ်လည်သုံးသပ်ချက် ပြီးစီးခဲ့ခြင်းအပေါ် ကြိုဆိုကြောင်း ထပ်လောင်းပြောကြားပါသည်။ ဖွံ့ဖြိုးမှု ကွာဟခြင်း၏ သဘောသဘာဝ နှင့် အာဆီယံ ပေါင်းစည်းမှုလုပ်ငန်းစဉ်တွင် ၎င်း၏အရေးပါမှုကြောင့် မိမိတို့အနေဖြင့် မိမိတို့၏ အရာရှိကြီးများ အား အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်တွင် ၂၀၁၅ခုနှစ်အလွန် အာဆီယံ ပေါင်းစည်းရေး ဆိုင်ရာ ရည်မှန်းချက်အစီစဉ်များအား စတင်ဆွေးနွေးစေရန် တာဝန်ပေးအပ်ခဲ့ကြသည်။ အခြား မဲခေါင် မြစ်ဝှမ်းဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများဖြစ်သည့် မဲခေါင် မြစ်ဝှမ်းဦး ဆောင်ဦးရွက်ပြုမှု၊ မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယားနှင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာအစီအစဉ်တို့နှင့် အာဆီယံ၏ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နေမှုကို ကြိုဆိုကြသည်။

၄၂။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံ၏ သာတူညီမျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုကို သိရှိပြီးနောက် ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အာဆီယံနှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းဆောင်ရွက်ပြီး စောင့်ကြည့်နေမှုကိုလည်း ကျေနပ်အားရသည်။ စောင့်ကြည့်လေ့လာခြင်း ဖြင့် ဒေသတွင်း သာတူညီမျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လမ်းကြောင်းများအား ပိုမိုနားလည်လာစေနိုင်မည့်အပြင် အဓိကအကျိုးသက်ရောက်မှုရှိသည့် နယ်ပယ်များနှင့် အာရုံပိုစိုက်ရမည့် နယ်ပယ်များအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ထို့အပြင် သာတူညီမျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ၏ ပိုမိုကျယ်ပြန့်သောမူဝါဒများအား စတင်အကောင်အထည်ဖော်ရာ တွင် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

၄၃။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး နှင့် အာဆီယံ ပေါင်းစည်းရေးနှင့် အသိုက်အဝန်းထူထောင်ရာတွင် မြှင့်တင်ပေးမည့် အာဆီယံ ပေါင်းစပ် ဆက်သွယ်ရေးမဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်

နေမှုများအား ကြိုဆိုသည်။ အာဆီယံအား ဒေသတွင်းနှင့်သာမက ကမ္ဘာ့ဒေသများနှင့် ဆက်သွယ်ရာတွင် အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေး မဟာစီမံကိန်းအနေဖြင့် အာဆီယံ ၏ ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုများ ပိုမိုမြှင့်တင်ရေး နှင့် ပြည်သူများ ၏ ဆက်သွယ်သွားလာမှု မြှင့်တင်ရာတွင် အာဆီယံ ပေါင်းစပ်ညှိဆက်သွယ်ရေး မဟာ စီမံကိန်း မှ မြှင့်တင်ရန် အသိအမှတ်ပြုကြသည်။ အာဆီယံ ပေါင်းစပ်ညှိဆက်သွယ်ရေးမဟာ စီမံကိန်း အကောင် အထည်ဖော်ရာတွင် အာဆီယံပေါင်းစပ်ဆက်သွယ်ရေး ညှိနှိုင်းမှုကော်မတီ၏ အဆက်မပြတ်ပံ့ပိုးမှု များ ကို အသိအမှတ်ပြုကြသည်။ ငွေကြေးနှင့် နည်းပညာအရင်းအမြစ်များ အသုံးချခြင်း၊ အာဆီယံအခြေခံအဆောက်အုံရန်ပုံငွေကို အသုံးပြုခြင်းနှင့် အစိုးရ-ပုဂ္ဂလိက မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အခြေခံအဆောက်အအုံစီမံကိန်းများကို ငွေကြေးပံ့ပိုးရ မည်။ လာမည့် စက်တင်ဘာလတွင် မြန်မာနိုင်ငံ၌ ပဥ္စမအကြိမ်မြောက် အာဆီယံ ပေါင်းပေါင်းစပ် ဆက်သွယ်ရေးအစည်းအဝေး ကျင်းပမည်ဖြစ်၍ မိတ်ဘက်နိုင်ငံများက ပေါင်းစပ်ဆက်သွယ်ရေး မဟာစီမံကိန်း ကို ထောက်ခံအားပေးခြင်းအတွက် ကျေနပ်သည်။ သက်ဆိုင်ရာ ဝန်ကြီးများအား မိတ်ဘက် နိုင်ငံများ၊ အခြားပြည်ပနိုင်ငံများနှင့် ပုဂ္ဂလိကအခန်း ကဏ္ဍများနှင့် ဆက်သွယ်မှု တိုးမြှင့်ရန် တိုက်တွန်းသည်။

၄၄။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံပေါင်းစပ်ပေါင်းစည်းဆက်သွယ်ရေးကြိုးပမ်းမှု များတွင် ပုဂ္ဂလိကကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍ၌ ပါရှိသည်ကို အသိအမှတ်ပြုလျက် ၂၀၁၅ အာဆီယံ စီးပွားရေးအသိုက်အဝန်းထူထောင်ရေးတွင် အာဆီယံဦးဆောင်ဦးရွက်ပြုမှု ဆိုင်ရာ အစီအစဥ်အားထောက်ပံ့ပေးရေးနှင့် စီးပွားရေး ပေါင်းစပ်ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ လှုပ်ရှားဆောင် ရွက်မှုများကို ကြိုဆိုကြသည်။ ပထမအကြိမ် အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် အာဆီယံစီးပွားရေးကောင်စီများ၏ ပူးတွဲညှိနှိုင်းမှုအစည်းအဝေးအား ချီးကျူးကြပြီး ဆက်လက် အကောင်အထည်ဖော်ရန် တိုက်တွန်းပါသည်။ မြန်မာနိုင်ငံတွင် နိုဝင်ဘာလတွင် အာဆီယံ

စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဆိုင်ရာဆုပေးပွဲ အခမ်းအနားများအား ကျင်းပမည်ဖြစ်သည်။

၄၅။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ပိုမိုခိုင်မာစေရန်အတွက် အာဆီယံ အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှု ဒေသ သဘောတူစာချုပ်များ၏ အရေးပါမှုကို သိရှိကြပြီး ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် တည်ရှိပြီး အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များ၏ ကတိကဝတ်များ နှင့် ၂၀၁၅ ခုနှစ်တွင် အပြီးသတ်နိုင်မည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောက်ရွက်မှု၏ ဦးစားပေး ဆွေးနွေး ညှိနှိုင်းမှုများအား ထောက်ခံကြသည်။ ထို့ပြင် အာဆီယံ+၁ လွတ်လပ်သောကုန်သွယ်မှု ဒေသ သဘောတူစာချုပ် အထူးအားဖြင့် အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေး ပူးပေါင်း ဆောက်ရွက်မှု သဘောတူစာချုပ်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးအခန်းများအား အပြီးသတ် ဆောင်ရွက်နေခြင်းအား ကြိုဆိုကြပြီး အာဆီယံ-အိန္ဒိယ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် နှင့် ကုန်သွယ်ရေးဝန်ဆောင်မှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုး နိုင်ရန် မျှော်လင့်ကြသည်။ အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယားနှင့် အာဆီယံ ဩစတြေးလျ-နယူးဇီလန် လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ ထူထောင်ရေး သဘောတူစာချုပ်များအား ပိုမိုခိုင်မာ စေရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြပါသည်။ ဟောင်ကောင်နှင့် စီးပွားရေး မိတ်ဘက်ဆက်ဆံရေးမြှင့်တင်ရေးအတွက် အခွင့်အလမ်းများရရှိချိန်တွင် အာဆီယံ-ဟောင်ကောင် ဆွေးနွေးညှိနှိုင်းမှုများအား ယခုနှစ် ဇူလိုင်လတွင် စတင်ရန် ကြိုဆိုကြပြီးနှင့် ဆောလျှင်စွာ အပြီးသတ်နိုင်ရေး မျှော်လင့်ကြသည်။

၄၆။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံပြည်သူများ အာဆီယံပူးပေါင်းဆောင်ရွက်မှု ၏ အကျိုးကျေးဇူးများအပြည့်အဝ ခံစားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်း စီးပွားရေး တိုးတက်မှု မြှင့်တင်ရေးသာမက ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ထိန်းသိမ်းရာတွင် ကြိုးပမ်း ဆောင်ရွက်ချက်များအား ထပ်လောင်းအထည်ပြုကြသည်။

## အာဆီယံ ပြည်သူများအတွက် အာဆီယံ

၄၇။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံဒေသတွင်း ပြည်သူများ၏ လူမှုဘဝတိုးတက် စေရေး အတွက် ပြည်သူ့ ဗဟိုပြု အာဆီယံဖြစ်ပေါ်ရေးနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေး လုပ်ငန်းစဥ်များတွင် ပြည်သူများမှ ပါဝင်နိုင်မှုနှင့် အကျိုးရရှိခံစားနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးဖော်ဆောင်ရေး ကြိုးပမ်းချက်များအား အလေးထားသည်။

၄၈။ ကျွန်ုပ်တို့ကတိကဝတ်ပြုထားသည့် အမျိုးသမီးများ နှင့် ကလေးသူငယ်များအား အကြမ်းဖက်မှုပပျောက်ရေးအတွက် အမျိုးသမီးများ နှင့် ကလေးသူငယ်များအား အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာအာဆီယံ၏ အကောင်းဆုံးကျင့်ထုံးများအား စတင်ပြဌာန်း နိုင်ခဲ့ခြင်းအား ကြိုဆိုကြသည်။ အမျိုးသမီးနှင့်ကလေးများ၏ အခွင့်အရေးများမြှင့်တင်ရေး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အာဆီယံကော်မတီ (ACWC)နှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်း ပုဂ္ဂိုလ်များမှအမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှု ပပျောက်စေရေးဆိုင်ရာ အာဆီယံ ကြေညာချက် အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများကို ထောက်ခံကြ သည်။ အမျိုးသမီးနှင့် ကလေးများ၏ အခွင့်အရေးများမြှင့်တင်ရေး ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အာဆီယံကော်မတီ (ACWC)နှင့် လူမှုအဖွဲ့အစည်းများ အထူးသဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှု ပပျောက်စေရေးဆိုင်ရာ အာဆီယံကြေညာချက်အား အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြသည်။ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းအား စတင်အကောင် အထည်ဖော်ရာတွင် အမျိုးသမီးများ နှင့် ကလေးသူငယ်များ၏ အခန်းကဏ္ဍ အားပိုမို မြှင့်တင်နိုင်မည့် ဆောင်ရွက်ချက်များ ပါဝင်စေရေး အတွက်လည်း တိုက်တွန်းသည်။

၄၉။ ပြည်သူ့ဝန်ထမ်းကိစ္စရပ်များဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် အတွင်း အာဆီယံပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်မှုကို ကျွန်ုပ်တို့ အသိအမှတ်ပြုသည်။ အဆိုပါ ဖိုရမ်သည် အာဆီယံနိုင်ငံများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို

ကိုင်တွယ် ဖြေရှင်းရေး၊ အများနှင့် သက်ဆိုင်သည့် စီမံချက်များ စတင်အကောင်အထည်ဖော်ခြင်း တို့ဖြင့် ဒေသ၊ အစိုးရနှင့် ပြည်သူများကို ပိုမိုကောင်းမွန်စွာ အကျိုးပြုစေမည်ဖြစ်သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် (၁၇) ကြိမ်မြောက် ပြည်သူ့ဝန်ထမ်းရေးရာ အာဆီယံကွန်ဖရင့်တွင် အာဆီယံ ပြည်သူ့ ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ကျွန်ုပ်တို့ ကျေနပ်အားရမှုရှိသည်။ ပြည်သူ့ ဝန်ထမ်း စွမ်းရည် တည်ထောင်ရန် လိုအပ်မှုကို ကျွန်ုပ်တို့ အလေးထားပြီး ထိရောက်၍ စွမ်းရည် ပြည့်ဝသည့် ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ရေးရာတာဝန်သိတတ်မှုနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုတို့ မြှင့်တင်ရာတွင် ပြည်သူ့ဝန်ထမ်းရေးရာ အာဆီယံ ကွန်ဖရင့်၏အခန်းကဏ္ဍ ကို အသိအမှတ်ပြု သည်။

၅၀။ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် မြှင့်တင်ရန်၊ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ထွန်းကားစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ မြှင့်တင်ရန် အတွက် ချမှတ်ထားသည့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်း စီမံချက်မူဘောင်(၂၀၁၁-၂၀၁၅)အောက်ရှိ စီမံကိန်းများအကောင်အထည်ဖော်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်ပြုမှုများကို ကျွန်ုပ်တို့ ထပ်လောင်းအတည်ပြုသည်။

၅၁။ ဒေသ၏ အနာဂတ်မျိုးဆက် ခေါင်းဆောင်များအဖြစ် အာဆီယံလူငယ်များ၏ အခန်းကဏ္ဍ နှင့် ၄င်းတို့၏ ကြီးမားသော အလားအလာတို့သည် အသိုက်အဝန်းတည်ထောင် ရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် အလေးထားလျက် လူငယ်များ စွန့်ဦးတီထွင် ပြုနိုင်မှုနှင့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ်မှုများကို ကျွန်ုပ်တို့ကြိုဆိုသည်။ လူငယ်များအပြန်အလှန် ဖလှယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်အစီအစဉ်များကို ကျွန်ုပ်တို့ကြိုဆိုကြပြီး လူငယ်လူရွယ်များ၏ စွန့်ဦးတီထွင် စွမ်းရည်များခိုင်မာစေရန်နှင့် လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ကို မြှင့်တင်ရန်အတွက် သက်ဆိုင်သူများအားလုံးကို တွန်းအားပေးသည်။

၅၂။ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ ဇဟုသုတနှင့် ပညာရေးတို့သည် အာဆီယံ အသိုက်အဝန်းအောင်မြင်စေရန်နှင့် စဥ်ဆက်မပြတ်တည်ရှိစေရန်အတွက် အရေးပါကြောင်းကို အသိအမှတ်ပြုလျက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန် တွန်းအားပေးပြီး ၂၀၁၄ ခုနှစ်တွင် ASEAN Virtual Learning Centre စတင်နိုင်ရန် ကျွန်ုပ်တို့ မျှော်လင့်သည်။ ASEAN Virtual Learning Centre သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့် အာဆီယံအား အသိုက်အဝန်းတစ်ရပ်အနေဖြင့် လေ့လာနိုင်ရန်နှင့် သတင်းအချက် အလက်များစုဆောင်းရန် အတွက် ပင်မကိုးကားမှုပြုနိုင်သည့် အထောက်အကူတစ်ခုဖြစ်မည် ဟုကျွန်ုပ်တို့ယုံကြည်ကြောင်း ထပ်လောင်းအတည်ပြုသည်။ ASEAN Virtual Learning Centre သည် အာဆီယံဆိုင်ရာ သတင်းဖြန့်ဖြူးမှုသာမက ကဏ္ဍာလွှန် ကိစ္စရပ်များအား ညှိနှိုင်းမှု မြှင့်တင်ရန် ဖြစ်သည်ဟု ကျွန်ုပ်တို့ သဘောတူညီကြသည်။

၅၃။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံဒေသတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု အရေးပါခြင်းကို အသိအမှတ်ပြုသည့် အနေဖြင့် အာဆီယံကတိကဝတ်ပြုမှု ကြေညာချက်ဖြစ်သည့် မကူးစက်နိုင်သောရောဂါများဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက် အား ထိရောက်စွာ အကောင်အထည်ဖော်ရေးလိုအပ်မှုကို အလေးထားကြသည်။ အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ် အာဆီယံလုပ်ငန်းအစီအစဥ်အောက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းစဥ်များအား ကြိုဆိုကြပြီး အိပ်ချ်အိုင်ဗီ ကူးစက်ခံရမှု၊ ခွဲခြားဆက်ဆံခံရမှု၊ အေအိုင်ဒီအက်စ်ကြောင့် သေဆုံးမှုများအား လုံးဝပပျောက်စေရေးအတွက် အာဆီယံကတိကဝန်ပြုမှုကြေညာချက်အား ကြိုဆိုခဲ့ကြသည်။ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် အာဆီယံစီးပွားရေးအဖွဲ့ ဖွဲ့စည်းခြင်းအား ထောက်ခံကြသည်။ ထို့အပြင် အိပ်ချ်အိုင်ဗီ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လုပ်ငန်းနယ်ပယ်တွင် ခွဲခြားဆက်ဆံမှုမရှိစေရေးအတွက် ပုဂ္ဂလိက ကဏ္ဍာပိုမိုပါ ဝင်လာ နိုင်စေသည့် အခြေခံအဖြစ် အာဆီယံ အလုပ်သမား အဆင့်မြင့်အရာရှိကြီးများ၏ ASEAN Red Ribbon for Outstanding Workplace Awards (ARROW) ဖွဲ့စည်းခြင်းအား ချီးကျူးကြသည်။

၅၄။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံအသိုက်အဝန်းအလုံးစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဆင်းရဲမှုတိုက်ဖျက်ရေး၊ တန်းတူရည်တူရှိရေး၊ လူမှုဘဝတိုးတက်မြင့်တင်ရေး နှင့် အကူအညီလိုအပ်သည့် အားနည်းသည့်အဖွဲ့များ၏ စွမ်းရည်ပြည့်ဝနိုင်ရေးအတွက် လူမှုရေး ဆိုင်ရာ ကာကွယ်မှုများကို အသိအမှတ်ပြုကြသည်။ ထို့ကြောင့် အခွင့်အရေးထိန်းသိမ်း ကာကွယ်ရေး၊ တန်းတူအခွင့်အရေးရရှိရေး နှင့် သက်ကြီးရွယ်အိုများ၊ မသန်းစွမ်းသူများ၊ ကလေးသူငယ်များ နှင့် အခြားအားနည်းသောအဖွဲ့များအား ရည်ရွယ်၍ လူမှုဝန်ထမ်း နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံမဟာဗျူဟာမူဘောင်အား အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် ဝန်ကြီးများအား တာဝန်ပေးအပ်ကြသည်။

၅၅။ အာဆီယံ သာမက လူမှုအသိုင်းအဝန်းတွင် ရွှေ့ပြောင်းလုပ်သားများ၏ ပါဝင်နိုင်မှုအား သတိထားမိကြပြီး ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ရေး အပါအဝင် တစ်ဦးချင်းစီ၏ အခြေခံလွတ်လပ်ခွင့်များ နှင့် လူ့အခွင့်အရေးထိန်းသိမ်း စောင့်ရှောက်ရေး၊ အာဆီယံ ပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားစေခြင်းဖြင့် လုံခြုံပြီး သာယာဝပြောသော အာဆီယံအသိုက်အဝန်းအား ဖန်တီးဖော်ဆောင်နိုင်ရန် အရေးပါမှုကို ထပ်လောင်း ပြောကြားကြသည်။ သို့ဖြစ်ရာ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အလမ်း ကာကွယ် မြှင့်တင်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်အား အချိန်မီအပြီးသတ်နိုင်ရေးအတွက် ဝန်ကြီးများအား တာဝန်ပေးအပ်ကြသည်။

၅၆။ မိမိတို့အနေဖြင့် အာဆီယံအား ရာသီဥတုပြောင်းလဲမှုအတွက် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် အရေးပါမှုကို အလေးထားပြောကြားကြသည်။ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် မိမိတို့ဘက်မှ လေ့လာသုံးသပ်နိုင်ရန်အတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးတွဲကြေညာချက်တစ်ရပ်အား ထုတ်ပြန်နိုင်ရန် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းအား တာဝန်ပေးအပ်ကြသည်။

၅၇။ မိမိတို့ဒေသသည် သဘာဝဘေးအန္တရာယ်များကျရောက်လေ့ရှိသော ဒေသဖြစ် သည့် အားလျော်စွာ ဒေသတွင်း ဖွဲ့စည်းပြီးသားဖြစ်သည့် လူသားချင်း စာနာထောက်ထားမှု နှင့်

ဘေးအန္တရာယ်စီမံခန့်ခွဲမှုယန္တရားနှင့် အရေးပေါ်တုံ့ပြန်ချက်ဆိုင်ရာ အာဆီယံ သဘောတူညီချက်တို့ ပူးပေါင်းဆောင်ရွက်ရေးကို မိမိတို့အနေဖြင့် ထောက်ခံကြသည်။ ၂၀၁၄ ခုနှစ်၊ မတ်လတွင် မန်တာဝီ မီဂါသရက်စ် ဘေးအန္တရာယ်ကာကွယ်ရေးလေ့ကျင့်မှုအား အင်ဒိုနီးရှားနိုင်ငံအစိုးရမှ ဦးဆောင်ပြီး ဆူမာတြားကျွန်းမြောက်ဘက်တွင် ကျင်းပနိုင်ခဲ့ခြင်းအား ကျေးဇူးတင်သည်။

၅၈။ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီမှ အတည်ပြုခဲ့သည့် အာဆီယံလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် အာဆီယံအတွင်းရေးမှူးချုပ်၏ လုပ်ထုံးလုပ်နည်းအား အတည်ပြုခဲ့ခြင်းအား ကြိုဆိုကြသည်။ ညှိနှိုင်းရေးမှူးအနေဖြင့် အဓိကဘေးအန္တရာယ်များ ကျရောက်ရာတွင် အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မျှော်လင့်သည်။

၅၉။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံ၏ ဇီဝအမျိုးအစားများ ပေါကြွယ်ဝမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးပါမှုကို အလေးထားလျက် (၁၄)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးအတွင်း အတည်ပြုခဲ့သည့် (၂၀၁၄-၂၀၂၀) သဘာဝဂေဟစနစ် စီမံခန့်ခွဲမှု ရေရှည်တည်တံ့ရေးဆိုင်ရာ အာဆီယံအစီအစဉ်ကို ကြိုဆိုကြသည်။ ထို့ပြင် ကျွန်ုပ်တို့အနေဖြင့် ACCSM+3 လုပ်ငန်းစဉ် (၉)ခုမှ တစ်ခုဖြစ်သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုတ်ကုန်များ ထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့မှုကို အသိအမှတ်ပြုခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲကို ၂၀၁၄ခုနှစ်၊ မတ်လ(၁၇) ရက်နေ့မှ (၂၁) ရက် နေ့အထိ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) တွင် ကျင်းပခဲ့သည်။

၆၀။ နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှုများသည် ဒေသတွင်း အထူးအလေးထားရမည့် အရေးကိစ္စဖြစ်သည်ကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုကြသည်။ ထို့ကြောင့် နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (AATHP) အောက်ရှိ သဘောတူညီချက်များအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူကြသည်။ အထူးအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မြေပြင်ရှင်းလင်းမှုတွင် မီးရှို့ခြင်းနည်းလမ်းကို အသုံးမပြုရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး မြှင့်တင်ရန် သဘောတူကြသည်။ အာဆီယံ ဒေသခွဲ မြူခိုးများလေ့လာစောင့်ကြည့်ရေးစနစ်သည် နိုင်ငံတွင်း

တရားမဝင်မီးရှို့မှုများအား လေ့လာစောင့်ကြည့်ရာတွင် အသုံးဝင်မည့် စနစ်ဖြစ်သည်ကို အသိအမှတ်ပြုကြသည်။ မြူခိုးများလေ့လာစောင့်ကြည့်ရေးစနစ်အား အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများအား ဆောင်ရွက်ကြရန်အတွက် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းကြသည်။ နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက် (AATHP) အား အင်ဒိုနီးရှားနိုင်ငံမှ ဆောလျင်စွာအတည်ပြုရေးကို မျှော်လင့်ကြသည်။

၆၁။ အာဆီယံအသိုက်အဝန်း အတွင်းတွင် ယဉ်ကျေးမှုအခန်းကဏ္ဍ၏ အရေးပါမှု ကို အလေးအနက်ထားကာ အာဆီယံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုသေချာ ခိုင်မာစေရန် အနုပညာနှင့် ယဉ်ကျေးမှု နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်နေသည်ကို အလေးထားကြသည်။ အာဆီယံ၏ သွင်ပြင်လက္ခဏာ ဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှု နှင့် အာဆီယံအသိုက်အဝန်း ကို အာဆီယံပြည်သူများ ပိုမိုသိရှိလာစေရေး တို့ကို အလေးအနက်ထားဆောင်ရွက်ရပါမည်။ ယင်းကိစ္စနှင့်ပတ်သက်၍ (၆)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှု နှင့် အနုပညာဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ ခြင်းကိုလည်း ကြိုဆိုပါသည်။ ထို့အပြင် ၂၀၁၄ခုနှစ်၊ ဧပြီလ(၁၉)ရက်နေ့မှ (၂၀) ရက်နေ့ တွင် ဂျပန်နိုင်ငံ၊ တောင်ကိုးရီးယားနိုင်ငံတို့ နှင့် စတင်ဆွေးနွေးပြုလုပ်ခဲ့သည် အာဆီယံ အနုပညာ နှင့် ယဉ်ကျေးမှု ဝန်ကြီး အဆင့်အစည်းအဝေးကိုလည်း ကြိုဆိုသည်။

၆၂။ မြို့ပြ လူနေမှု အဖွဲ့အစည်းများ အကြား သဟဇာတ ပိုမိုရှိလာစေရန် ရည်ရွက်ချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ၂၀၁၄ခုနှစ်၊ ဩဂုတ်လ (၂၉ ) ရက်နေ့မှ (၃၀) ရက်နေ့အထိ (၆)ကြိမ်မြောက် မြို့ပြအဖွဲ့အစည်းများ ဆိုင်ရာ ကုလသမဂ္ဂ မိတ်ဘက်များ ကမ္ဘာလုံးဆိုင်ရာ ဖိုရမ်ကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ရန် အင်ဒိုနီးရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုသည်။

## အာဆီယံ၏ ဒေသဆိုင်ရာ နှင့် ကမ္ဘာလုံးဆိုင်ရာ သဘောထား အမြင်

၆၃။ ဒေသဆိုင်ရာ နှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ခြင်းဖလှယ်နိုင်ခဲ့ပြီး ငြိမ်းချမ်း ရေး၊ တည်ငြိမ်ရေး နှင့် လုံခြုံရေး တို့ကို ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းလုံး တွင် ထိန်းသိမ်းရန် အရေးကြီးပုံကို အလေးအနက်ထား ဆွေးနွေးခဲ့ကြသည်။

၆၄။ တောင်တရုတ်ပင်လယ်တွင် လတ်တလော ဖြစ်ပေါ်တိုးတက်မှုများအပေါ် အထူး စိုးရိမ် မှု များ ထုတ်ဖော်ခဲ့သည်။ တောင်တရုတ်ပင်လယ်တွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရေး၊ လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်များရရှိရေးတို့၏ အရေးကြီးမှုကို အလေး အနက်ထုတ်ဖော်ခဲ့သည်။ တောင်တရုတ် ပင်လယ်တွင်း နိုင်ငံများအနေနှင့် တောင်တရုတ် ပင်လယ်ဆိုင်ရာ ကြေညာစာတမ်းကို အပြည့်အဝ နှင့် ထိရောက်စွာ အကောင် အထည် ဖော် ဆောင်ရွက်ရန် နှင့် အပြန်အလှန် ယုံကြည်စိတ်ချ သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန် နှင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်၊ အင်အားသုံး၍ ဖြေရှင်းနည်းကို ရှောင်ရှားရန် နှင့် အငြင်းပွား မှုများကို ပင်လယ်ရေကြောင်းဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (၁၉၈၂ခုနှစ်) အပါ အဝင် အပြည်ပြည်ဆိုင်ရာဥပဒေများ အတိုင်း ငြိမ်းချမ်းစွာ ဖြေရှင်းရန် တို့ကို တိုက်တွန်း ခဲ့ကြပါသည်။ တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာ ချမှတ်နိုင်ရန် နှင့် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုကို အလေးနက်ထား ဆွေးနွေးခဲ့ ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၄ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အတွင်းတောင်တရုတ်ပင်လယ်ဆိုင်ရာ လတ်တလော ဖြစ်ပေါ် တိုးတက်မှုဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ၏ထုတ်ပြန်ကြေညာ ချက် ကို မှတ်သားခဲ့သည်။

၆၅။ အီရန်နှင့် အဏုမြူလက်နက်ပိုင်ဆိုင်သည့် နိုင်ငံ(၅)နိုင်ငံ အပေါင်း တစ် နိုင်ငံတို့အကြား စေ့စပ်ဆွေးနွေးမှုတွင် ကောင်းမွန်သောတိုးတက်မှုများအတွက် ကျွန်ုပ်တို့ အားရသည်။ အီရန်၏အဏုမြူစွမ်းအင် အစီအစဉ်၏ သဘောသဘာဝနှင့် ပတ်သက်၍

နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်မကင်းဖြစ်မှုကို အပြည့်အဝ ဖြေရှင်းပေးနိုင်မည့် အလုံးစုံသဘောတူညီချက်ရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်သည်။

၆၆။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများ ရပ်တန့်ခြင်းအတွက် ကျွန်ုပ်တို့စိုးရိမ်မကင်းဖြစ်သည်။ ပါလက်စတိုင်းပြည်သူများ၏ ရပိုင်ခွင့်များနှင့် လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ နှင့် နှစ်ဘက် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မည့် Two-state solution အား ထောက်ခံမှုကို မိမိတို့ထပ်လောင်းအတည်ပြုသည်။ ကျွန်ုပ်တို့အနေဖြင့် ငြိမ်းချမ်းမှု ဆွေးနွေးမှုများ တွင် အပြုသဘောထိတွေ့မှုများ ပြုလုပ်ရေးအတွက် အစ္စရေးလ် နှင့် ပါလက်စတိုင်း တို့ကို တိုက်တွန်းသည်။ နှစ်ဦးနှစ်ဘက်အနေဖြင့် နောက်ဆုံးအခြေပြု သဘောတူညီချက်ကိုရရှိရေး အတွက် အတားအဆီးများကို ဖယ်ရှားရေး ကြိုးပမ်း မှုအဖြစ် ပါလက်စတိုင်း နယ်မြေများတွင် တရားမဝင် ဆောက်လုပ်ရေးလုပ်ငန်းများကို ဖယ်ရှားရန် မိမိတို့တောင်းဆိုသည်။

၆၇။ ဆီးရီးယားနိုင်ငံတွင် ဓါတုလက်နက်များ အသုံးပြုမှုကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်မှု အပေါ်နိုင်ငံတကာ အသိုက်အဝန်းမှ စိုးရိမ်မကင်းဖြစ်မှုအပေါ် မိမိတို့လည်း ခံစားသိရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ဆီးရီးယားနိုင်ငံ၏ ယိုယွင်းနေသည့် လူမှုဘဝ အခြေအနေများကို အထူး စိုးရိမ်မကင်းဖြစ်ရသည်။ လူသား ချင်းစာနာ ထောက်ထားမှု အကူအညီများကို အတားအဆီး မရှိခွင့်ပြုရန် လိုအပ်ကြောင်း အလေး အနက်ထား ပြောကြားသည်။ မိမိတို့အနေဖြင့် အရပ်သားများ၏ ဘေးကင်းမှုနှင့်လုံခြုံမှု၏ အရေးပါမှုကို အလေးအနက်ထားပြောကြားသည်။ အကြပ်အတည်းကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် အရေးပါမှုကို မိမိတို့အလေးအနက်ထား ပြောကြားလိုပြီး ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် ၂၁၁၈ နှင့် ၂၁၃၉ တို့ချမှတ်ခြင်းအပါအဝင် ကုလသမဂ္ဂ၏ ကြိုးပမ်းချက်အားလုံးကို ထောက်ခံသည်။

၆၈။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတ နိုင်ငံရှိ တောင်ပေါ်အပန်းဖြေစခန်းတွင် နှစ်ဘက် ကိုရီးယား မိသားစုများ ပြန်လည် ဆုံစည်းရေးပွဲ ကျင်းပခဲ့မှုအား ကြိုဆိုခဲ့ကြသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

ဆုံးဖြတ်ချက်များနှင့် ၂၀၀၅ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ခြောက်နိုင်ငံ ဆွေးနွေးပွဲမှ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်အား အပြည့်အဝ လိုက်နာကြရန် ထပ်မံတိုက်တွန်းခဲ့ကြသည်။ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ကိုရီးယားကျွန်းဆွယ် နျူးကလီးယားကင်းစင်ရေးကို ဖော်ဆောင်နိုင်ရန် တွေ့ဆုံဆွေးနွေးခြင်း၏ အရေးပါမှုနှင့် တွေ့ဆုံဆွေးနွေးနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်မည့် ခြောက်နိုင်ငံဆွေးနွေးပွဲ များ အမြန်ပြန်လည် စတင်ရေး၏ အရေးကြီးမှုတို့ကို ကျွန်ုပ်တို့ အလေးထား ဆွေးနွေးခဲ့ကြသည်။

၆၉။ ကျွန်ုပ်တို့အနေဖြင့် အေပက်၊ အာဆီယံ နှင့် ဂျီ-၂၀အပါအဝင် ဒေသဆိုင်ရာ ဗိသုကာတည်ဆောက်မှုတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအား ပိုမိုအားမြှင့်တင်ရန် လိုအပ်ကြောင်း အသိမှတ်ပြုကြသည်။ ထို့အပြင် နောင်လာမည့် ကာလတွင် အာဆီယံပေါင်းစည်းဆက်သွယ်မှု နှင့် အခြေခံအဆောက်အအုံ၊ စားနပ် ရိပ်ကျာဖူလုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု ၊ စွမ်းအင်ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် တုန့်ပြန်မှု နှင့် ကြိုတင် ကာကွယ်မှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်ဟု ယုံကြည်ကြသည်။

၇၀။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂-၂၃ ရက်နေ့ ဩစတြေးလျားနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့သည့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး နှင့် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီး များ၏ ဆွေးနွေးပွဲရလဒ်များအား ကြိုဆိုခဲ့ကြသည်။ လာမည့် ငါးနှစ်အတွင်း ကမ္ဘာ့ဖွံ့ဖြိုး တိုးတက် မှုအား နှစ်ရာခိုင်နှုန်း ကျော်တိုးတက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခွန်အခများ ထိန်းချုပ်နိုင်ပြီး ဘဏ္ဍာရေးကဏ္ဍအား တည်ငြိမ်စေရန်ဟူသည့် ဂျီ-၂၀ ၏ ကတိကဝတ်ပြုမှုကို လည်း ကြိုဆိုခဲ့သည်။ အာဆီယံဥက္ကဋ္ဌမှတဆင့် ကမ္ဘာ့စီးပွားရေးရိုက်ခတ်မှုနှင့် ပတ်သက်၍ အာဆီယံ၏ အမြင်များအား အမြင်ချင်းဖလှယ်ခွင့်ရသည့်အတွက် ကျေနပ်အားရကြောင်းကျွန်ုပ်တို့ သုံးသပ်ခဲ့ကြသည်။ ဂျီ-၂၀၏ လုပ်ငန်းစဉ်များ ခိုင်မာမျှတပြီး ရေရှည်တည်တံ့မည့် လုပ်ငန်းများကို အာဆီယံမှ ဆက်လက်ထောက်ခံသွားမည်ဖြစ်သည်။

၇၁။ ၂၀၂၀ အာဆီယံ ပစိဖိတ်ဒေသတွင်း ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု ပွင့်လင်းစေရေး နှင့် ဘိုဂေါ ရည်မှန်းချက်အောင်မြင်စေရေးတို့အား ရှေးရှုသည့် ဖြစ်ပေါ် တိုးတက်မှုများအား ကြိုဆိုလျက် လွတ်လပ်စွာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှင့် ပေါကြွယ်ဝမှုတို့အား မြှင့်တင်နိုင်မှုပေါ် အေပက်၏ ဆောင်ရွက်ဆဲ အကျိုးပြုမှုများအား မှတ်သားခဲ့ကြသည်။ အေပက်အခြေပြမြေပုံသည် အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ မဟာစီမံချက်ကို ထည့်သွင်းစဥ်းစားမည်ဟု ကျွန်ုပ်တို့မျှော်လင့်သည်။ ကျွန်ုပ်တို့အနေဖြင့် အရှေ့အာရှ ပစိဖိတ်ဒေသ နှင့် အရှေ့တောင်အာရှအတွင်း ပေါင်းစည်း ဆက်သွယ်မှုမြှင့်တင်ရန် ခိုင်မာသည့်ရလဒ်များ ပံ့ပိုးနိုင်သည့် ပေါင်စည်း ဆက်သွယ်မှုဆိုင်ရာ အေပက်အခြေပြမြေပုံအား မျှော်မှန်းသည်။ ၂၀၁၄ခုနှစ်တွင် အေပက် ထိပ်သီးအစည်းအဝေးအား တရုတ်နိုင်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမှုကို ကျွန်ုပ်တို့ ထောက်ခံသည်။

၇၂။ ဘက်စုံကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းသူများအတွက် ထင်ပေါ်ကျော်ကြားသူများ အကြိုဖိုရမ်သကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍကို ပြန်လည်အတည်ပြုလျက် ဘာလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၉) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးအဆင့် ညီလာခံကို အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင် အဖြစ်လက်ခံကျင်းပမှုအား ချီးကျူးခဲ့ကြသည်။ ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စားနပ်ရိက္ခာဖူလုံမှုကို ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများက ကမ္ဘာ့ကုန်သွယ်ရေးတွင် အကျိုးအမြတ် ပိုမိုရှိစေမည့် ကုန်သွယ်မှု အခွင့်အလမ်းများရရှိရေးကို အားပေးသည့် “ဘာလီ” ဆုံးဖြတ်ချက်များကိုလည်း ကြိုဆိုသည်။

## ပြင်ပဆက်ဆံရေး

၇၃။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာနယ်ပယ်တွင် အာဆီယံ၏ အခန်းကဏ္ဍအား မြှင့်တင်ခိုင်မာ စေရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရန်နည်းလမ်းများအား ဆွေးနွေးခဲ့ကြသည်။ ဒေသဆိုင်ရာ ဗိသုကာ တည်ဆောက်မှုတွင် အာဆီယံ၏ အချက်အခြာကျသည့် ကဏ္ဍကို ဆက်လက် အသိအမှတ်ပြုပြီး အာဆီယံ၏ ရပ်တည်ချက်နှင့် ဦးဆောင်မှုကဏ္ဍ ခိုင်မာနေစေရေး၏

အရေးပါမှု ကို လည်း ကျွန်ုပ်တို့အနေဖြင့် အလေး အနက်ထားဆွေးနွေးခဲ့ကြသည်။ သို့ဖြစ်ရာ ဘာလီ သဘောတူညီချက်(သုံး) ရှေ့လုပ်ငန်းစဉ်အား ထိရောက်စွာ အကောင် အထည်ဖော်ရန် သက်ဆိုင်ရာ ဝန်ကြီး များအား ကျွန်ုပ်တို့မှ တာဝန်ပေးသည်။

၇၄။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံ ပြင်ပဆက်ဆံရေး တိုးတက်လာမှုအပေါ် ကျေနပ်အားရ မှုရှိ သကဲ့သို့ ရှေ့ဆက်လက်၍ အာဆီယံဦးဆောင်သည့် ယန္တရားများဖြစ်သည့် အာဆီယံ အပေါင်း-၁၊ အာဆီယံအပေါင်း-၃၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး အပေါင်း အစည်းအဝေးများ၊ အာဆီယံ ပင်လယ်ရေ ကြောင်းဆိုင်ရာ တိုးချဲ့ဖိုရမ်၊ ချစ်ကြည်ရေးနှင့် ပူး ပေါင်းဆောင်ရွက်ရေးစာချုပ်မှ တစ်ဆင့် အပြန် အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကြေညာစာတမ်းပါ ဘာလီအခြေခံမူများနှင့်အညီ နှင့် တစ်ဆင့် အာဆီယံ ပြင်ပ ဆက်ဆံရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

၇၅။ အရှေ့အာရှထိပ်သီးအစည်းအဝေးသည် အာဆီယံခေါင်းဆောင်သည့် ယန္တရားများ အနက် တစ်ခုဖြစ်သည်ကို အသိအမှတ်ပြုလျက် ယင်းအစည်းအဝေးကို ပိုမိုစုစည်းခိုင်မာစေရန် သဘောတူညီသည်။ ကျွန်ုပ်တို့အနေဖြင့် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ ထိရောက်မှုနှင့် စုစည်းမှုကို ထိန်းသိမ်းနိုင်မည့် နည်းလမ်း များကိုဖော်ထုတ်ဆောင်ရွက်သွားရန်လည်း သဘောတူ ညီသည်။

၇၆။ အာဆီယံပြင်ပဆက်ဆံရေးလမ်းညွှန်ကို ချမှတ်မှုအား ကျွန်ုပ်တို့ ကြိုဆိုသည်။ ယင်း လမ်းညွှန်ကို မိမိတို့နှင့် ဆက်ဆံရေးကို ထူထောင်ရန် စိတ်ဝင်စားသည့် ပြင်ပနိုင်ငံများ နှင့် မိတ်ဘက်ဆက်ဆံရေးထူထောင်ရေးအတွက် ပြင်ဆင်မှုများ၊လေ့လာမှုများပြုလုပ်ရာတွင် အသုံးပြု သွားမည်။ မိမိတို့ ဒေသနှင့် ကမ္ဘာတစ်ဝန်း လျင်မြန်စွာပြောင်းလဲနေမှုများနှင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရန် မိတ်ဘက်နိုင်ငံများ၏ စိတ်ပါဝင်စားမှုတိုးတက်လာမှုကို အသိအမှတ် ပြုလျက် အာဆီယံပြင်ပ ဆက်ဆံရေးနှင့် ပတ်သက်၍ အထူးသဖြင့် ဆွေးနွေးဘက် နိုင်ငံတိုးချဲ့မှုအား ယာယီဆိုင်းငံ့ထားမှု အပေါ် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များ

ပေးနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်သည်။ ပေါ်ထွက်လာမည့် အခွင့် အလမ်းသစ်များ၏ အကျိုးအမြတ်များကို ခံစားနိုင်ရန် အာဆီယံအနေနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုကို အသစ်တဖန် တိုးမြှင့် ဆောင်ရွက်သင့်သည်ဟု ယုံကြည်သည်။

၇၇။ မိမိတို့အနေဖြင့် ဆွေးနွေးဘက်နိုင်ငံများ၏ ထောက်ခံအားပေးမှုများ နှင့် ၎င်းတို့၏ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖြစ်ပေါ်တိုးတက်လာသည့် ဒေသဆိုင်ရာဖွဲ့စည်းမှုတွင် အာဆီယံ၏ ဗဟိုအချက်အခြာကျမှု နှင့် ခေါင်းဆောင်မှုကို အသိအမှတ်ပြုခြင်းအပေါ် ချီးကျူး အသိအမှတ် ပြုသည်။ ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်မှုနှင့် စီးပွားရေးအားဖြင့် သာယာ ဝပြောမှု ကို ရရှိထိန်းသိမ်း ဆောင်ရွက်မှု နှင့် သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှု၊ ရေဖူလုံမှု၊ စွမ်းအင်နှင့်စားနပ်ရိက္ခာ ဖူလုံမှုများ အပါအဝင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေး တွင် ဆွေးနွေးဘက်နိုင်ငံများမှ အလေးအနက်ထောက်ခံရန် တိုက်တွန်းသည်။ မိမိတို့အနေဖြင့် ဆွေးနွေးဘက်နိုင်ငံများကို နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးနှင့်ယဉ်ကျေးမှု မဏ္ဍိုင်(၃) ရပ်စလုံး တွင် ဆက်ဆံရေး ကျယ်ပြန့်နက်ရှိုင်းစေရန် နှင့် အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ် တွင် အောင်မြင်စွာထူထောင်မှုကို ပံ့ပိုးရန် တိုက်တွန်းသည်။

၇၈။ တီမောလက်စ်တေ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရန်လျှောက်ထားမှုများ နှင့် ပတ်သက်၍ ဆွေးနွေးမှုများတွင် အာဆီယံညှိနှိုင်းမှုကောင်စီလုပ်ငန်းအဖွဲ့ ၏တိုးတက်မှု အခြေ အနေကို ကျွန်ုပ်တို့ကြိုဆိုသည်။ ယင်းလုပ်ငန်းအဖွဲ့ကို လုပ်ငန်းအဖွဲ့ခွဲများသို့ လေ့လာမှုများ ပြုလုပ်ရန်တာဝန်ပေးအပ်ထားမှုများကို ဆက်လက်ဆောင်ရွက်ရန် အာဆီယံညှိနှိုင်းမှုကောင်စီ လုပ်ငန်းအဖွဲ့အားတိုက်တွန်းသည်။

၇၉။ ဆွေးနွေးဘက်နိုင်ငံများနှင့် အာဆီယံ-ဩစတြေးလျား ဆွေးနွေးဘက်ဆက်ဆံရေး အနှစ်(၄၀) မြောက် အထိမ်းအမှတ်၊ အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ဆွေးနွေးဘက်ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ် အပါအဝင် အထိမ်းအမှတ် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြိုဆိုသည်။ ၂၀၁၅ခုနှစ်တွင် အာဆီယံ-နယူဇီလန် ဆွေးနွေးဘက်ဆက်ဆံရေး အနှစ်(၄၀)မြောက်

အထိမ်းအမှတ်အခမ်းအနားကို မလေးရှားနိုင်ငံတွင် ကျင်းပသွားမည်။ ၂၀၁၅ ခုနှစ် တွင် အရှေ့အာရှထိပ်သီးအစည်းအဝေး (၁၀) နှစ်မြောက်အထိမ်းအမှတ် ကို ကျင်းပမည်ဖြစ်သည်။

## အာဆီယံအသိုက်အဝန်းအတွက် အာဆီယံအဖွဲ့အစည်းများ

၈၀။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုသို့ ဦးတည်ဆောင်ရွက်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ် နှင့် အတွင်းရေးမှူးရုံးတို့၏ အရေးပါမှုကို အလေး အနက်ပြုသည်။ သို့ဖြစ်ရာ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးတို့၏ ကဏ္ဍအား ပိုမိုခိုင်မာစေရေးအတွက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်များ၊ ကတိကဝတ်ပြုမှုများနှင့် သက်ဆိုင်ရာ မဏ္ဍိုင်များအလိုက် ဆောင်ရွက်နေမှုလုပ်ငန်းများ ဖြစ်ပေါ်တိုးတက်နေမှုများအား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းများအတွက် အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းသကဲ့သို့ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့်ဆက်ဆံရေး၊ အခြားသော ပြင်ပနိုင်ငံ များနှင့် ဆက်ဆံရေးတို့ကို ပိုမို ပူးပေါင်းဆောင်ရွက်ရန် ကျွန်ုပ်တို့ တိုက်တွန်းခဲ့ကြသည်။

၈၁။ အာဆီယံအတွင်းရေးမှူးရုံး ပိုမိုခိုင်မာစေရေး နှင့် အဖွဲ့အစည်းများအားပြန်လည်သုံးသပ်ရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့အား ထူထောင်နိုင်ခဲ့ခြင်းအား ကြိုဆိုကြသည်။ အဖွဲ့၏ ဆောင်ရွက်ချက်များသည် အာဆီယံအဖွဲ့အစည်းများနှင့် လုပ်ငန်းရပ်များအား ဆက်စပ်မှုရှိစေပြီး အကျိုးပိုမိုသက်ရောက်စေရန် များစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြသည်။ ထို့အပြင် ဒေသတွင်း ကြီးမားသောပြောင်းလဲမှုများအား အာဆီယံအနေဖြင့် ထိရောက်စွာတုံ့ပြန်နိုင်မည်ကို ယုံကြည်ကြသည်။ အဆင့်မြင့်အရာရှိကြီးများ၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးများ၏ အောင်မြင်မှုများအား ကျေနပ်အားရကြသည်။ အဆင့်မြင့်အရာရှိကြီးများ၏ အကြံပြုချက် များအား (၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ အကြံပြုတင်ပြနိုင်လိမ့်မည်ဟု မျှော်လင့်သည်။

## အာဆီယံ၏အနာဂတ်မျှော်မှန်းချက်

၈၂။ လွန်ခဲ့သော ၄၆ နှစ်တာကာလအတွင်း အာဆီယံ၏ အောင်မြင်မှုများသည် အနာဂတ် အာဆီယံအသိုက်အဝန်းထူထောင်ရေးလမ်းစဥ်အတွက် အခြေခံကျသည်ကို အသိအမှတ်ပြုကြသည်။

၈၃။ အာဆီယံအသိုက်အဝန်းအားဖော်ဆောင်ရာတွင် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းတွင် လက်ရှိရင်ဆိုင်နေရသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းစဥ်းစားရေးအတွက် အသိအမှတ်ပြုကြသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် အကောင်အထည်ဖော်ရာတွင် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့အစည်းအဝေး၏ ဆောင်ရွက်ချက်များအား အသိအမှတ်ပြုချီးကျူးလျက် ပြီးပြည့်စုံပြီး အချိန်အတိုင်းအတာဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မျှော်မှန်းချက်တစ်ရပ် ရေးဆွဲရန် တိုက်တွန်းသည်။

၈၄။ နိဂုံးချုပ်အားဖြင့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဥ်၏ ဒုတိယလုပ်ငန်းစဥ်အပါအဝင် ၂၀၁၅ခုနှစ် အမီ အာဆီယံအသိုက်အဝန်းထူထောင်နိုင်ရေးအတွက် အာဆီယံ အသိုက်အဝန်းအခြေပြမြေပုံများအား အပြည့်အဝအကောင်အထည်ဖော်ရာတွင် အရည်အသွေး ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို မိမိတို့မှ ထပ်လောင်းအတည်ပြုကြသည်။ မိမိတို့ အဖွဲ့ကြီးကို အနာဂတ်နှင့်လိုက်လျောညီထွေမှုရှိပြီး ဂုဏ်သိက္ခာရှိစွာဖြင့် အဖွဲ့ကြီး၏ အချက်အခြာကျမှုကို ဖော်ဆောင်နိုင်မည့် ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း ရေးဆွဲရန် အရေးကြီး လိုအပ်သည်။ ကျွန်ုပ်တို့ အဖွဲ့အစည်းအားစစ်မှန်သော ပြည်သူကိုဗဟိုပြုသည့် အဖွဲ့ကြီးအဖြစ် ပေါ်ပေါက်လာစေရေး ထားရှိသည့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုကြသည်။

**********************